# ABSDF

All Burma Students' Democratic Front

၇၉ နှစ်မြောက် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ဗကသ) အခမ်းအနားများသို့

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) (ကျောင်းသားတပ်မတော်) မှ

ပေးပို့သော သဝဏ်လွှာ။

သမိုင်းအစဉ်အလာ ကြီးမားသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများ အဖွဲ့ချုပ် (ဗကသ) ၏ သမိုင်းလှုပ်ရှားမှုမှာ ၇၉ နှစ် တိုင်ခဲ့ပြီဖြစ်သည်။ ဗကသများအဖွဲ့ချုပ်သည် ဖွဲ့စည်းတည်ထောင်စဉ်က ကျောင်းသားထု အခွင့်အရေး ကာကွယ်ရေးနှင့် ဒီမိုကရေစီပညာရေးတို့အတွက် အစွမ်းကုန် ကြိုးပမ်း ထမ်းရွက်ရန် သန္နိဋ္ဌာန်ဖြင့် ဖွဲ့စည်း တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့ရာတွင် အမျိုးသားလွတ်မြောက်ရေးကို ဦးတည်သည့် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ အာဏာရှင်စနစ် တိုက်ဖျက်ရေးတို့တွင် လည်းကောင်း၊ ငြိမ်းချမ်းရေးနှင့် တိုင်းပြည်ထူထောင်ရေးတို့တွင်လည်းကောင်း လူထုကြီးတစ်ရပ်လုံးရှေ့မှ မားမားမတ်မတ် ရပ်တည်၍ တပ်ဦးမှ ဂုဏ်ရောင်ထွန်းလင်းစွာ အသက် သွေး ချွေး ပေးဆပ် တိုက်ပွဲဝင်ခဲ့ သည်သာ ဖြစ်သည်။

အရေးသဖြင့် တိုက်ပွဲဝင်ခွပ်ဒေါင်းအလံတော်ကို အမြင့်မားဆုံး လွှင့်ထူ ဖိတက်ခဲ့ကြသည်။ ကျောင်းသား ထု သွေးစည်းညီညွတ်ရေးကို စုစည်းပြသနိုင်ခဲ့ပေသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (မကဒတ) (ကျောင်းသားတပ်မတော်) သည်လည်း ဗကသများအဖွဲ့ချုပ်မှ သန္ဓေတည်ခဲ့ပြီး ၈ လေးလုံး လူထုအရေးတော်ပုံကြီးမှ မွေးဖွားသန္ဓေဝင်ပေး ခဲ့သည်။ ဗကသများအဖွဲ့ချုပ်၏ ပညာရေးလွတ်လပ်ခွင့် လှုပ်ရှားမှုများ၊ ပညာရေးစနစ် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်မှုများကိုလည်း မကဒတအနေဖြင့် အစဉ်တစိုက် ထောက်ခံဝန်းရံခဲ့ သကဲ့သို့ ထာဝစဉ် အတူ လက်တွဲ ဖိတက်သွားမည်ဟုလည်း ကတိသစ္စာ ပြုအပ်ပါသည်။

ထို့ကြောင့် ယနေ့ ကျရောက်သည့် ၇၉ နှစ်မြောက် ဗကသများအဖွဲ့ချုပ်၏ သမိုင်းရက်မြတ်တွင် သမိုင်း စဉ်ဆက် တိုက်ပွဲဝင်ခဲ့သည့် နောင်တော်ကျောင်းတော်သားကြီးများကို အလေးအနက် ဦးညွှတ်ဂါရဝပြုရင်း အဖမ်းဆီးခံကျောင်းသားများလွတ်မြောက်ရေး၊ ဒီမိုကရေစီပညာရေး၊ လွတ်လပ်ခွင့်များရရှိရေး၊ ပြည်တွင်း ငြိမ်းချမ်းရေးတို့အတွက် ဗကသများအဖွဲ့ချုပ်နှင့်အတူ တိုက်ပွဲဝင် ကြွေးကြော်တောင်းဆိုရင်း ချစ်ကြည် လေးမြတ်စွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

ဗဟိုကော်မတီ

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တပ်ဦး (ကျောင်းသားတပ်မတော်)

နေ့စွဲ၊ ၂၀၁၅ ခုနှစ် မေလ ၁၀ ရက်။